ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ

UNITED NATIONALITIES FEDERAL COUNCIL (UNION OF BURMA)

# ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်မှုနှင့်ပတ်သက်၍ ရှင်းလင်းထုတ်ပြန်ချက်

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ (၁၃) ရက်

ညီညွတ်သော တိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC)မှ ငြိမ်းချမ်းရေးဆွေးနွေးမှုနှင့် မြေပြင်ထိုးစစ်အခြေအနေများနှင့်စပ်လျဉ်း၍ အများပြည်သူသို့ အောက်ပါအတိုင်း ရှင်းလင်းထုတ်ပြန်အပ်ပါသည်။

၁။ မြန်မာပြည်၏ နှစ်ပေါင်း (၇၀)နီးပါးဖြစ်ပွားနေသော ပြည်တွင်းစစ်သည် နိုင်ငံရေးပြဿနာအပေါ် အခြေခံသည်ဖြစ်သောကြောင့် နိုင်ငံရေးနည်းလမ်းဖြင့် ညှိနှိုင်းအဖြေရှာရမည်ဟု ညီညွတ်သော တိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC)အနေဖြင့် အစဉ်လက်ကိုင်ပြုထားပါသည်။ ပြည်တွင်းစစ် အပြီးတိုင်ချုပ်ငြိမ်း၍ စစ်မှန်သော ငြိမ်းချမ်းရေးဖော်ဆောင်ကာ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်နိုင်မှသာ ငြိမ်းချမ်းသာယာ ဝပြောသည့် နိုင်ငံတစ်ခုအဖြစ် ရပ်တည်နိုင်မည်ဟု တထစ်ချယုံကြည်ထားပါသည်။

၂။ ထိုသို့ ယုံကြည်သည်နှင့်အညီ UNFC အဖွဲ့ဝင်များသည် တိုင်းပြည်တနံတလျားတွင် ဖြစ်ပွားလျှက်ရှိသည့် စစ်ပွဲများအတွင်း ပါဝင်ပတ်သက်သော အဖွဲ့အစည်းများအားလုံး အတူတကွပါဝင် ဆွေးနွေးညှိနှိုင်း အဖြေရှာခြင်းဖြင့် ခိုင်မာသည့် တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးအစပျိုးမှုမှတဆင့် ပြည်တွင်းငြိမ်းချမ်းရေးကို တည်ဆောက်ရန် ဦးသိန်းစိန်အစိုးရလက်ထက်ကတည်းကပင် တစိုက်မတ်မတ်ကြိုးပမ်းခဲ့သည်မှာ ယနေ့တိုင် ဖြစ်ပါသည်။

၃။ အရင်းခံပြဿနာကို တွေ့ဆုံဆွေးနွေးဖြေရှင်းမှုပြုလုပ်ရာတွင် UNFC သည် ပြဿနာရှိသည်ကို ပြဿနာအဖြစ်အသိအမှတ်ပြုပြီး နည်းမှန်လမ်းမှန်၊ စိတ်ရှည်သည်းခံကာ စေတနာရှေ့ထားဖြေရှင်းသည့်နည်းလမ်းကို လက်ကိုင်ပြုထားပါသည်။ အပစ်အခတ်ရပ်စဲနိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးမှုကာလတလျှောက် မြန်မာ့တပ်မတော်မှ အဖွဲ့အစည်းတချို့အပေါ် ခွဲခြားဆက်ဆံနေခြင်း၊ အပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးမှုနှင့် နိုင်ငံရေးဆွေးနွေးပွဲတွင်ပါဝင်မှုတို့ မပြုခြင်းနှင့် ထိုးစစ်ဆင်မှုပြုလုပ်ခြင်းများ ရှိခဲ့သည့်တိုင် တွေ့ဆုံဆွေးနွေးမှု မပြတ်မလပ်ပြုလုပ်လာခဲ့သည်မှာလည်း ယနေ့တိုင်ပင်ဖြစ်သည်။ ဤသည်မှာ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏ ခိုင်မာသော အပစ်အခတ်ရပ်စဲရေးမှ စစ်မှန်သည့်ငြိမ်းချမ်းရေး ဖြစ်ပေါ်ရေးအတွက် ထားရှိသော သန္နိဋ္ဌာန်ပင် ဖြစ်သည်။

၄။ အပစ်အခတ်ရပ်စဲရေးနှင့် ပတ်သက်ပြီး ဒေါ်အောင်ဆန်းစုကြည်မှ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ (၅)ရက်နေ့က ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မဲဆွယ်တရားဟောရာ၌ "*စစ်မှန်ပြီး တိုင်းရင်းသားအားလုံး လက်ခံနိုင်သော၊ ပါဝင်သင့်ပါဝင်ထိုက်သည့် နိုင်ငံရေးပါတီ၊ အင်အားစုများ လက်ခံသဘောတူကာ ရေရှည်တည်တံ့ခိုင်မြဲသည့် အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်ဖြစ်ရန် အရေးကြီးဆုံး ဖြစ်ကြောင်း၊ ယနေ့လက်မှတ်ရေးထိုးပြီး နောက်တနေ့တွင် ပြန်လည်ပစ်ခတ်သည့် စာချုပ်မျိုးမဟုတ်ကြောင်း၊ အချိန်ကာလမှာ အရေးမကြီး စစ်မှန်မှုသာ အရေးကြီးဆုံးဆိုသည်ကို သေသေချာချာပြောချင်သည်ဟု ဆိုခဲ့သည်။ ထို့အပြင် ငြိမ်းချမ်းရေးနှင့် ပတ်သက်ပြီး NLD အစိုးရဖြစ်လာပါက တိုင်းရင်းသားများအား ဖြောင့်ဖြောင့်တန်းတန်း ပွင့်ပွင့်လင်းလင်း ဆက်ဆံမည်၊ ပေးသောကတိတည်မည်၊ ကတိပျက်သည့်အဖွဲ့မျိုးမဖြစ်စေရဆိုသည်ကို အာမခံသည်၊ ငြိမ်းချမ်းရေးတွင် ပါဝင်သင့်သူများ ပါဝင်ရမည်၊ ပွင့်လင်းမြင်သာရမည်၊ နိုင်ငံအတွင်းရှိ ပြည်သူများမှ ငြိမ်းချမ်းရေး*

*ဆွေးနွေးမှု မည်သို့ရှိသည်၊ မည်သည့်အခြေအနေရောက်နေသည်ကို သိသင့်သိထိုက်သည်များအား သိနိုင်သော အခြေအနေမျိုး ဖန်တီးပေးရမည်"* ဟုလည်း ဆိုခဲ့ပါသည်။

၅။ ဤအချက်အလက်များကို ဂရုပြုခြင်းဖြင့် ဒေါ်အောင်ဆန်းစုကြည်၏ကတိအတိုင်း လိုက်ပါဆောင်ရွက်မည်ဆိုပါက ငြိမ်းချမ်းရေးဖြစ်စဉ်သည် အကျိုးဖြစ်ထွန်းမှုရှိမည်မှာ သေချာပါသည်။ ပေးသောကတိတည်ပြီး စစ်မှန်၍ ရေရှည်ခိုင်မာသော နစ်ဖက်လက်ခံနိုင်သည့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် ရရှိရန်နှင့် လိုအပ်သော ဖြစ်ပေါ်တိုးတက်မှုများ ရရှိစေရန်တို့အတွက် NCA လက်မှတ်ရေးထိုးရေး အဆိုပြုချက်(၉)ချက်ကို မိမိတို့အနေဖြင့် ညှိနှိုင်းဆွေးနွေးလျှက်ရှိပါသည်။ လက်ရှိ NLD ဦးဆောင်သည့် အစိုးရသစ်သည် အားလုံးပါဝင်မှုမရှိသော၊ တနိုင်ငံလုံးအတိုင်းအတာမဆောင်သော NCA ကို အမွေဆက်ခံကာ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းအချို့ကို တပ်မတော်မှ မြေပြင်နှင့် ဝေဟင်တိုက်ပွဲအရှိန်မြှင့် ထိုးစစ်ဆင်နေသည်ကို ကိုင်တွယ် ဖြေရှင်းရန် မကြိုးပမ်းပဲ အချိန်ကန့်သတ်ပြီး နောက်တစ်ကြိမ် ငြိမ်းချမ်းရေးညီလာခံကျင်းပနိုင်ရေးကိုသာ ဆောင်ရွက်နေသည်ကို တွေ့ရပါသည်။ အားလုံးမပါဝင်နိုင်လျှင်လည်း အကြောင်းမဟုတ်၊ လိုက်ပါနိုင်သည့် အဖွဲ့ အစည်းများနှင့်သာ ငြိမ်းချမ်းရေးကို ဖော်ဆောင်မည့်သဘောကို တွေ့ရပါသည်။ ဤသည်ကို ထောက်ရှုခြင်းဖြင့် တနိုင်ငံလုံးအေးချမ်းတည်ငြိမ်ရေးကို ဦးတည်နေခြင်းမရှိကြောင်း ပြသနေပါသည်။

၆။ NCA တွင် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းအချို့ကို ချန်လှပ်ထားခြင်းနှင့် နောက်ဆက်တွဲ အဖြစ် တိုင်းပြည်အတွက် ပြဿနာပိုမိုတိုးပွားရေးကိုသာ ဦးတည်စေသည့် နိုင်ငံရေးလမ်းပြမြေပုံတို့ကို NLD အစိုးရမှ အမွေဆက်ခံထားရသည်။ ဤမှားယွင်းမှုများကို မှန်ကန်အောင်လုပ်ပိုင်ခွင့်မှာ အစိုးရတွင်ရှိနေပြီး၊ မိမိတို့အနေဖြင့်လည်း ရေရှည်တည်တံ့ခိုင်မြဲသော တနိုင်ငံလုံးငြိမ်းချမ်းရေးအတွက် လုပ်ဆောင်ရန် ကြိုးပမ်းလျှက်ရှိပါသည်။ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလတွင် သမ္မတဦးသိန်းစိန်အစိုးရမှ ရွေးကောက်ပွဲကို အကြောင်းပြုပြီး ပါဝင်ပတ်သက်သူများအားလုံး ပါဝင်ညှိနှိုင်းအဖြေရှာရေးကို ထိပ်တန်းမတင်ပဲ အပစ်အခတ် ရပ်စဲရေးဆွေးနွေးညှိနှိုင်းမှုများတွင် ပါဝင်ခဲ့သော အဖွဲ့အစည်းအားလုံးပါဝင်ရမည့်အစား အဖွဲ့အစည်းအချို့ကို ချန်လှပ်ကာ အမြန်လက်မှတ်ထိုးရေးကိုသာ ဖိအားပေး ဆောင်ရွက်ခဲ့သည်။ တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်း (၂၀)ကျော်ရှိသည့်အနက် (၈)ဖွဲ့သာလျှင် ပါဝင်လက်မှတ်ရေးထိုး ခဲ့ကြခြင်းမှာ တနိုင်ငံလုံးအတိုင်းအတာ မဆောင်ခဲ့ပေ။ ထိုနည်းတူစွာ NCA ပါ နိုင်ငံရေးလမ်းပြမြေပုံ အဆင့်များအရ နိုင်ငံရေးမူဘောင် မူကြမ်းဆွဲခြင်း၊ အတည်ပြုခြင်းတို့မှာလည်း တနိုင်ငံလုံးအတိုင်းအတာ မဆောင်သကဲ့သို့ အားလုံးပါဝင်မှုလည်း မရှိခဲ့ချေ။ အဆင့်တစ်ဆင့်ချင်းစီကို ပါဝင်သင့်ပါဝင်ထိုက်သူအားလုံး ပါဝင်မှုရှိရှိဖြင့် ပြီးမြောက်အောင် ဆောင်ရွက်ခြင်းမရှိပဲ အဆိုပါလမ်းပြမြေပုံ၏ အဆင့်(၄)ဖြစ်သော ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံညီလာခံကို လာမည့် ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလတွင် နောက်ထပ်တစ်ကြိမ် ကျင်းပရန် စီစဉ်လုပ်ဆောင်နေမှုမှာ NCA နှင့် ငြိမ်းချမ်းရေးဖြစ်စဉ်ကို ထိခိုက်စေပါသည်။ တတိယအဆင့်ဖြစ်သည့် ယခုလုပ်ဆောင်နေကြသော အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲမှာလည်း ထိုနည်းလည်းကောင်း ဖြစ်သည်။ သို့ဖြစ်၍ NCA လမ်းကြောင်းအတိုင်း ဆက်သွားမည်ဆိုပါက NCA ဖြစ်စဉ်အပေါ် ပြန်လည်သုံးသပ်စရာ အခြေခံအကြောင်းတရားများ ရှိလာပါသည်။ သို့ရာတွင် မြန်မာ့တပ်မတော်အနေဖြင့် NCA ပြန်လည်သုံးသပ်မှုကို လက်မခံသည့်အတွက် UNFC အနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်မှုတွင် အဆင်ပြေချောမွေ့စေရန် မိမိတို့ကိုယ်တိုင် ပါဝင်ရေးဆွဲခဲ့သော NCA ကို လက်မှတ်ရေးထိုးနိုင်ရေး အဆိုပြုမူ(၉)ချက်ဖြင့် ဆွေးနွေးညှိနှိုင်း အဖြေရှာလျှက်ရှိနေပါသည်။

၇။ ပါဝင်သင့်ပါဝင်ထိုက်သူများဟုဆိုရာတွင် ပြဿနာအတွင်း ပါဝင်ပတ်သက်သူများကို အဓိက တိုက်ရိုက် ရည်ညွှန်းသည်ဖြစ်ပြီး စိတ်ရင်းစေတနာကောင်း၊ မေတ္တာရှေ့ထားပြီး စိတ်ရှည်သည်းခံ ဖိတ်ခေါ်သည်ဟု အစိုးရသစ်မှ ပြောနေသော်လည်း လက်တွေ့တွင် အားလုံးပါဝင်နိုင်သည့် အခြေအနေနှင့် အခင်းအကျင်းကို အစိုးရအနေဖြင့် ပြင်ဆင်လုပ်ဆောင်နေခြင်း မရှိပေ။ စစ်ရေးအရ ထိုးစစ်ဆင်တိုက်ခိုက်မှုများ ပြုလုပ်ပြီး NCA ကို လက်မှတ်ရေးထိုးရန် ဖိအားပေးနေသည်။ ထိုထက်ဆိုးရွားသည်မှာ ၂၀၁၆ ခု၊ ဩဂုတ်လမှစပြီး ကချင်ပြည်၊ ရှမ်းပြည်မြောက်ပိုင်းဒေသများတွင် မြန်မာ့တပ်မတော်၏ အရှိန်အဟုန်နှင့် ထိုးစစ်ဆင်နေမှုအား အစိုးရက ဝင်ရောက်ဟန့်တားခြင်း အလျဉ်းမရှိခဲ့ပေ။ ထို့အပြင် အတိဒုက္ခရောက်နေသော ပြည်သူများကို ကူညီပံ့ပိုးရန်

နိုင်ငံတကာနှင့် ဒေသခံလူမှုအဖွဲ့များ၏ ကူညီမှုကိုလည်း မြန်မာ့တပ်မတော်မှ ဖြတ်လေးဖြတ် စစ်ဗျူဟာအရ ဟန့်တားပိတ်ပင်နေမှုကိုလည်း တခွန်းတပါဒမျှ ထုတ်ဖော်ပြောဆို ဆောင်ရွက်ခြင်း မရှိသည်မှာ အံ့ဖွယ် ဖြစ်ပါသည်။ သို့သော် ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ (၂၀) ရက်နောက်ပိုင်း တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အချို့၏ မလွှဲမရှောင်သာ တန်ပြန်တိုက်ခိုက်မှုဖြစ်လာခြင်းအပေါ် သမ္မတရုံး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးနှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများအား ပြစ်တင်ရှုတ်ချပြီး တပ်မတော်ကို ချီးမွမ်းထောပနာပြုသည့်သတင်းများကို ထုတ်ပြန်နေ သည်။ ဤသည်မှာ အစိုးရတရပ်ကဲ့သို့ သဘောထားကြီးမှု မရှိရုံသာမကပဲ တစ်ဖက်သတ်အမြင်ဖြင့် လူထု၏ အတိဒုက္ခအပေါ် နားလည်မှုကင်းမဲ့ကာ ပြဿနာအား တုန့်ပြန်နေသည်ကို မယုံကြည်နိုင်ဖွယ်ရာ တွေ့မြင်ရ ပါသည်။

၈။ NLD အစိုးရသည် တိုင်းပြည်၏ ပြဿနာအရင်းအမြစ်အသေးစိတ်နှင့် တိုင်းရင်းသားများ၏ ပကတိဆန္ဒ သဘောထားမှန်ကိုအခြေခံ၍ တိုင်းပြည်ကိုအုပ်ချုပ်သည့်အစိုးရတရပ်အနေဖြင့် မှန်ကန်စွာ အဖြေရှာ၊ ကိုင်တွယ် ကြိုးပမ်းရန် လိုအပ်သည်။ အတိုက်အခံအဖြစ် ရပ်တည်ခဲ့သော ကာလတလျှောက် ရိုင်းပင်းကူညီပံ့ပိုးခဲ့သူများနှင့် ရွေးကောက်ပွဲအတွင်း ထောက်ခံမဲပေးခဲ့ကြသည့် တိုင်းရင်းသားပြည်သူတို့၏ဘဝကိုလည်း မျက်ကွယ်မပြုမိ စေရန် အရေးကြီးပါသည်။

၉။ မြန်မာ့တပ်မတော်အနေဖြင့် နှစ်ပေါင်း (၅၀)ကျော် အုပ်ချုပ်လာခဲ့စဉ်ကာလတလျှောက် တိုင်းပြည်ကို ကမ္ဘာ့ အဆင်းရဲဆုံးနိုင်ငံအဖြစ် ကျရောက်စေခဲ့ရုံသာမက ကျူးလွန်ခဲ့သော စစ်ရာဇဝတ်မှုများနှင့် လူသားဖြစ်တည်မှုကို ဆန့်ကျင်သောရာဇဝတ်မှုများအားလုံးကိုလည်း ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ အရေးခြုံ၍ အစဉ်လွတ်မြောက်ရန် ကြိုးပမ်းနေလျှက်ရှိသည်။ ထို့အပြင် လူထုဆန္ဒသဘောထားမှန်မပါပဲ အဓမ္မအတည်ပြုခဲ့သော ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေကို အခွင့်ကောင်းယူပြီး ဒီမိုကရေစီကျင့်စဉ်နှင့် ဆန့်ကျင်လျှက် အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်နှင့် ဥပဒေပြုရေးမဏ္ဍိုင်တို့ကို အလွဲသုံးစားပြုကာ NCA လက်မှတ်ရေးထိုးခြင်း မပြုသော တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းအချို့အား ရှမ်းပြည်နယ်လွှတ်တော်တွင်း အကြမ်းဖက် အဖွဲ့အစည်းများအဖြစ် အတင်းအဓမ္မ သတ်မှတ်လုပ်ဆောင်လာနေမှုမှာ လက်ရှိ NLD အစိုးရ ကြိုးပမ်းနေသည့် ငြိမ်းချမ်းရေးဖြစ်စဉ်ကို ရည်ရွယ်ချက်ရှိရှိ ဖျက်ဆီးနေခြင်းပင် ဖြစ်သည်။

၁၀။ ၂၁-ရာစုပင်လုံညီလာခံသည်လည်း ပင်လုံစိတ်ဓာတ်ကို အခြေခံသည်မှန်ပါက ပင်လုံတွင် ထားရှိခဲ့ကြသော ပြည်ထောင်စုအမြုတေ ကတိကဝတ်နှင့် ပင်လုံစာချုပ်ပါ အချက်အလက်များကို မျက်ကွယ်ပြု၍ မရပေ။ ထိုသို့ ဆက်လက်လုပ်ဆောင်နေမည်ဆိုပါက စစ်မှန်သည့်ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး တို့မှာ အလှမ်းဝေးနေဦးမည်သာ ဖြစ်သည်။

၁၁။ သို့ဖြစ်ပါ၍ စစ်မှန်သည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်နိုင်ရန်အတွက် ငြိမ်းချမ်းစွာ ညှိနှိုင်း အဖြေရှာနိုင်သည့် ပတ်ဝန်းကျင်ကောင်းနှင့် အားလုံးပါဝင်နိုင်သည့် အခင်းအကျင်းကို အမြန်ဆုံး ဖော်ဆောင် ပေးရန် လိုအပ်ပါသည်။ မိမိတို့ UNFC အနေဖြင့် အားလုံးပါဝင်နိုင်ရေးအပေါ် ဆက်လက်ရပ်တည်၍ ဆွေးနွေး ညှိနှိုင်းကာ လူထုနှင့် နိုင်ငံတကာမှ အားလုံးဝိုင်းဝန်းကူညီပံ့ပိုးပေးနိုင်ကြရေးအတွက် ကြိုးပမ်းဆောင်ရွက် သွားမည် ဖြစ်ပါကြောင်း အသိပေးရှင်းလင်း ထုတ်ပြန်အပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC)


**ဆက်သွယ်ရန်**

*နိုင်ဟံသာ - ဒုတိယဥက္ကဋ္ဌ ဖုန်း - +66(0)80-503-0849*
*ခူဦးရယ် - အထွေထွေအတွင်းရေးမှူး ဖုန်း - +66(0)84-805-1344*